ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
တပ်ကုန်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်


# Village Development Plan (VDP)

ရေတွင်းဖြူကျေးရွာ၊မကျီးပင်ကျေးရွာအုပ်စု

(၁၇-၃-၂၀၁၆) ရက်နေ့


| မာတိကာ | | |
|---|---|---|
| စဉ် | အကြောင်းအရာ | စာမျက်နှာအမှတ် |
| ၁ | မြို့နယ်မြေပုံ | ၃ |
| ၂ | ကျေးရွာအုပ်စုမြေပုံနှင့် ကျေးရွာတည်နေရာ | ၄ |
| ၃ | အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄ | ကျေးရွာအခြေခံအချက်အလက်များ | ၅ မှ ၈ |
| ၅ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA)အကျဉ်းချုပ်ဇယား | ၉ မှ ၁၀ |
| ၆ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ | ၁၁ မှ ၂၁ |
| ၇ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၂၂ |
| ၈ | ကော်မတီဝင်များစာရင်း | ၂၃ |
| ၉ | ကျေးရွာအချက်အလက် (ပုံစံ-၁) | နောက်ဆက်တွဲ-က |
| ၁၀ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | နောက်ဆက်တွဲ-ခ |
| ၁၁ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | နောက်ဆက်တွဲ-ဂ |
| ၁၂ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) | နောက်ဆက်တွဲ-ဃ |
| ၁၃ | အစည်းအဝေးတက်ရောက်သူများစာရင်း (ပုံစံ-၁၂) | နောက်ဆက်တွဲ-င |
| ၁၄ | အစည်းအဝေးမှတ်တမ်းများ | နောက်ဆက်တွဲ-စ |
| ၁၅ | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ | နောက်ဆက်တွဲ-ဆ |
| ၁၆ | ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP) | နောက်ဆက်တွဲ-ဇ |

## ၁။ မြို့နယ်မြေပုံ



တပ်ကုန်းမြို့နယ် ၊ ကျေးရွာအုပ်စု အညွှန်းပြမြေပုံ
N
W
E
S
ရမည်းသင်းမြို့နယ်
နတ်မောက်မြို့နယ်
တောင်တွင်းကြီးမြို့နယ်
မကွေးတိုင်း
ဥတ္တရသီရိမြို့နယ်
ပုဗ္ဗသီရိမြို့နယ်
ဇေယျာသီရိမြို့နယ်
ပင်လောင်းမြို့နယ်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကားလမ်း
မီးရထားလမ်း
မြစ်ချောင်း
ရေသောက်မြောင်း
မြို့မြေပုံညွှန်း – ကြူ – ၆၇၃၄၁၂
မြို့နယ်မြေပုံညွှန်း – ကြူ – NE ၀၀၅၄၉၉
– NW ၆၄၁၁၅၇
– SE ၉၂၀၂၈၀
– SW ၃၂၀၁၈၀
မြို့အကျယ်အဝန်း – (၁.၄၉) စတုရန်းမိုင်
မြို့နယ်အကျယ်အဝန်း – (၆၈၃) စတုရန်းမိုင်
ကျေးရွာအုပ်စု –
ကျေးရွာ –
ရပ်ကွက် – ( ၆ ) ရပ်ကွက်
ကျေးရွာအုပ်စု – (49) အုပ်စု
ကျေးရွာ – (176) ရွာ

## ၂။ ကျေးရွာအုပ်စုမြေပုံနှင့် ကျေးရွာတည်နေရာ



## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁ | မကျီးပင် | မကျီးပင်ကျေးရွာ | |
| ၂ | မကျီးပင် | ညောင်ပင်သာကျေးရွာ | |
| ၃ | မကျီးပင် | ရှားတုန်းအိုင်ကျေးရွာ | |
| ၄ | မကျီးပင် | ရေတွင်းဖြူကျေးရွာ | |
| ၅ | မကျီးပင် | ကြို့ပင်သာကျေးရွာ | |
| ၆ | မကျီးပင် | ပျော်ရွာ | |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### က. လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) **ဗမာ** | **၁၆၄** | ဘာသာ(၁) **ဗုဒ္ဓ** | **၁၆၄** |
| လူမျိုးစု (၂)------------- | | ဘာသာ(၂)------------- | |
| လူမျိုးစုရော-------------- | | ဘာသာရော------------ | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီးအရေအတွက် |
|---|---|---|

| | | |
|---|---|---|
| လူဦးရေ | ၃၀၆ | ၃၅၃ |
| ကျား/မ ဦးဆောင်သောအိမ်ထောင်စု | ၁၄၉ | ၁၅ |

**(ခ)လက်လှမ်းမီအသုံးပြုနိုင်သည့်အဆောက်အဦများ**

| **စာသင်ကျောင်း** | **ရှိ/မရှိ** | **ကျန်းမာရေး** | **ရှိ/မရှိ** | **ဘာသာရေးအဆောက်အဦ** | **ရှိ/မရှိ** |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | | ဆေးရုံ | | စေတီ | ရှိ |
| အလယ်တန်းကျောင်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | ရှိ |
| မူလတန်းကျောင်း | | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| မူကြိုကျောင်း | | ဆေးပေးခန်း | | ခရစ်ယာန်ကျောင်း | |
| အခြား | | အခြား | | ဗလီ | |
| အခြား | | အခြား | | အခြား | |
| *မှတ်ချက်-* | | *မှတ်ချက်-* | | *မှတ်ချက်-* | |

**(ဂ)ကျွမ်းကျင်သူများမှတ်တမ်း ၊ ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ**

| **(၁) စာသင်ကျောင်း** | | | **(၂) ကျန်းမာရေး** | | | **(၃) လက်မှုပညာရှင်** | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/ဆရာမ | | (ရှိ) | ဆရာဝန် | | | လက်သမား | (ရှိ) | |
| အထက်တန်းပြဆရာ/ဆရာမ | | (ရှိ) | လက်ထောက်ကျန်းမာရေးမှူး | | | ပန်းရံ | (ရှိ) | |
| အလယ်တန်းပြဆရာ/ဆရာမ | | | အမျိုးသမီးကျန်းမာရေးဆရာမ | | | လျှပ်စစ်ဆိုင်ရာ | | (ရှိ) |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| မူကြိုဆရာ/ဆရာမ | | | အရံသားဖွား | | | ရေပိုက်သွယ်သူ | | |
| အခြား | | | ပြည်သူ့ကျန်းမာရေး လုပ်သား(၁)/(၂) | | | စက်ပြင်ဆရာ | (ရှိ) | |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

**(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ**

- ကျောက်ကြမ်းလမ်း ( √ )
- ကတ္တရာလမ်း (  )
- ကွန်ကရစ်လမ်း (  )
- မော်တော်ဆိုင်ကယ်လမ်း (  )
- ကျောက်ခင်းလမ်း (  )
- မြေသားလမ်း (  )
- လူသွားလမ်း (  )
- အခြား (  )

**(င) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်**

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိပါသလား ? ရှိပါသည် (√)၊ မရှိပါ (  )၊ မသိပါ (  ) ။

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကိုမည်သည့်ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် (၂၀၁၀) ၊ မသိပါ(  )

(၃) ဤစီမံချက်ကိုမြို့နယ်မှအတည်ပြုခဲ့ပါသလား ? ပြုခဲ့ပါသည် (√)၊ မပြုခဲ့ပါ (  ) ၊ မသိပါ (  )

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ ဗဟိုမှ၄င်းကျေးရွာအုပ်စုဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? ( **၁.၅ မိုင်**)

(၂) ဤကျေးရွာမှ ၄င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်

**ခြောက်သွေ့ရာသီတွင်ကြာချိန်**

- **ထော်လာဂျီ** **(၀၀း၁၅ )နာရီ၊မိနစ်**
- **မော်တော်ဆိုင်ကယ်** **(၀၀း၁၅ )နာရီ၊မိနစ်**

- ခြေလျှင် ( ) နာရီ၊မိနစ်
- လား ( ) နာရီ၊မိနစ်
- မော်တော်ဘုတ် ( ) နာရီ၊မိနစ်
- အခြား ------------------- ( ) နာရီ၊မိနစ်

မိုးရာသီတွင်ကြာချိန်

- **ထော်လာဂျီ** **(၁၀း၁၅)နာရီ၊မိနစ်**
- **မော်တော်ဆိုင်ကယ်** **(၁၀း၁၅)နာရီ၊မိနစ်**
- ခြေလျှင် ( ) နာရီ၊မိနစ်
- လား ( ) နာရီ၊မိနစ်
- မော်တော်ဘုတ် ( ) နာရီ၊မိနစ်
- အခြား ------------------- ( ) နာရီ၊မိနစ်

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ် -**

(၁) ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းရှိပါသလား? မရှိပါ ( √ )၊ ရှိ ပါသည် ( )၊ မသိပါ ( ) ။ .............................................................................................

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင် (သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့်အဖွဲ့အစည်းများရှိပါသလား?

...ကျေးရွာမီးလင်းရေးကော်မတီ................

... သမဝါယမကော်မတီ...........................

**(ဈ) လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA)အကျဉ်းချုပ်ဇယား**


| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာသမိုင်း | ၂၄.၁.၂၀၁၅ | အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ | ၁၀ | ၁၀ | ၂၀ | ကျေးရွာစတင်ဖြစ်ပေါ် လာပုံ၊ခုနှစ်နှင့်ထူးခြားဖြစ်စဉ်များ။ |
| ၂ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | ၂၄.၁.၂၀၁၅ | စေတနာ့ဝန်ထမ်းအမျိုးသား၊ အမျိုးသမီး | ၁၀ | ၁၀ | ၂၀ | လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊အခြေခံအဆောက်အဦများ၊လယ်ယာမြေများ၊မြစ်ချောင်းများ၊ရေတွင်းရေကန်များ၊သစ်တောများ၊ဆည်မြောင်းများ။ |
| ၃ | ဥစ္စာဓနပိုင်ဆိုင်မှုအဆင့်များသုံးသပ်ခြင်း | ၂၄.၁.၂၀၁၅ | ပြေလည်သောအုပ်စု၊ အလယ်အလတ်အုပ်စု၊ မပြေလည်သောအုပ်စု | ၁၅ | ၁၅ | ၃၀ | ပိုင်ဆိုင်မှုစံနှုန်းများသတ်မှတ်ခြင်း၊ စံနှုန်းများအပေါ် အခြေခံပြီးအဆင့်၃ဆင့်တွင်ပါဝင်သောအိမ်ထောင်စုအရေအတွက်ခန့်မှန်းခြင်း၊အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများအားမှတ်တမ်းတင်ခြင်း။ |
| ၄ | ကျား-မအခန်းကဏ္ဍသုံးသပ်ခြင်း (cobweb) | ၂၄.၁.၂၀၁၅ | အမျိုးသားများ၊ အမျိုးသမီးများ | ၁၅ | ၁၅ | ၃၀ | အမျိုးသား၊ အမျိုးသမီးတန်းတူအခွင့်အရေးရရှိမှုအခြေအနေများအားဆွေးနွေးမှတ်တမ်းတင်ခြင်း။ |
| ၅ | ရာသီခွင်ဇယား | ၂၄.၁.၂၀၁၅ | စေတနာ့ဝန်ထမ်း၊ အမျိုးသားများ၊ အမျိုးသမီးများ | ၁၅ | ၁၅ | ၃၀ | ရာသီဥတု၊အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများရောဂါဘယများ၊ပွဲတော်များအား ဆွေးနွေးမှတ်တမ်းတင်ခြင်း။ |
| ၆ | အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်နှင့်ဗင်းကားချပ် | ၂၄.၁.၂၀၁၅ | အမျိုးသားများ၊ အမျိုးသမီးများ | ၁၅ | ၁၅ | ၃၀ | လူထုနှင့်ထိတွေ့ဆက်ဆံပြီးလူထုအကျိုးစီးပွါးအတွက်ဆောင်ရွက်လျှက်ရှိသောရွာအတွင်း၊ရွာပြင်ပအဖွဲ့အစည်းများအားဖေါ် ထုတ်ခြင်းနှင့်ဆက်သွယ်မှုပုံသဏ္ဍာန်ကိုကားချပ် ပေါ် တွင်မှတ်တမ်းတင်ခြင်း။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၇ | အခက်အခဲများ (ပြဿနာများ) | ၂၇.၁.၂၀၁၆ | အမျိုးသား၊ အမျိုးသမီး | ၅၁ | ၂၇ | ၇၈ | အမျိုးသားများနှင့်အမျိုးသမီးများနေ့စဉ်လူနေမှုဘဝတွင်ကြုံတွေ့နေရသောအခက်အခဲအတားအဆီးများအားဆွေးနွေးဖေါ်ထုတ်ခြင်း။ |
| ၈ | ပြဿနာသစ်ပင် | ၂၇.၁.၂၀၁၆ | အမျိုးသမီးများ အမျိုးသားများ | ၉ | ၁၃ | ၂၂ | အမျိုးသမီးများကြုံတွေ့နေရသောအခက်အခဲများမှအဓိကအခက်အခဲတစ်ခုကိုရွေးချယ်ခြင်း၊သစ်ပင်ပုံကိုအခြေခံလျှက်အကြောင်းအကျိုးဆက်စပ်ပုံဖေါ်ခြင်း။ |
| ၉ | နောင်၅နှစ်စာမျှော်မှန်းချက် | ၂၇.၁.၂၀၁၆ | အမျိုးသားများနှင့်အမျိုးသမီးများ | ၅၁ | ၂၇ | ၇၈ | အဓိကပြဿနာကိုပြေလည်စေသောအကြောင်းရင်းများအားပြေလည်စေမည့်လုပ်ငန်းများအားဖေါ်ထုတ်ခြင်း။ |
| ၁၀ | ဦးစားပေးလုပ်ငန်းများရွေးချယ်ဆုံးဖြတ်ခြင်း။ | ၂၇.၁.၂၀၁၆ | အမျိုးသား၊ အမျိုးသမီး | ၅၁ | ၂၇ | ၇၈ | ဖေါ်ထုတ်ထားသောလုပ်ငန်းများအားဦးစားပေးအဆင့်နိုင်းယှဉ်သတ်မှတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ


### ၆။ (က) ကျေးရွာသမိုင်း



## ရေတွင်းဖြူကျေးရွာသမိုင်းသုံးသပ်ချက်

ရေတွင်းဖြူရွာကို ၁၈၆၆ ခုနှစ်တွင်စတင်တည်ထောင်ခဲ့ပါသည်။ ကျေးရွာဘုန်းတော်ကြီးကျောင်းကို ၁၈၇၀ တွင်ဆောက်လုပ်ခဲ့ပါသည်။ ကျောင်းဆောက်ပြီးနှစ်နှစ်အကြာတွင် ကျောင်းပရဝုဏ်အတွင်းတွင် ရွှေပြည်အေးစေတီကိုတည်ထားကိုးကွယ်ခဲ့ပါသည်။ ၁၈၈၀ တွင် ရေတွင်းဖြူရွာနောက်ဘက်တွင် ဘုရားငါးဆူဓါတုစေတီကိုတည်းထားခဲ့ပါသည်။ ၁၉၅၅ ခုနှစ်တွင်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကိုစတင်ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၈၇ ခုနှစ်တွင် ရေတွင်းဖြူရွာ ဘုန်းတော်ကြီးသင်ပညာသင်ရေးကျောင်းမှ မကျီးပင်အုပ်စုတွဲဘက်အလယ်တန်းကျောင်းသို့ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် မကျီးပင်အုပ်စုပိုင် ကျန်းမာရေးဆေးပေးခန်းကို ရေတွင်းဖြူရွာတွင်တည်ဆောက်ခဲ့ပါသည်။ ၂၀၁၀ ခုနှစ်တွင် လျှပ်စစ်မီးသွယ်တန်းခြင်း ကို ကိုယ်ထူကိုယ်ထဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင်ရွာတွင်းလမ်းများကိုရိစာလမ်းခင်းပြီးပြုပြင်ခဲ့ပါသည်။

### ၆။ (ခ) လူမှုရေးနှင့်အရင်း အမြစ်ပြမြေပုံ




**လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်**

ရေတွင်းဖြူကျေးရွာ၏ အိမ်ခြေ (၁၆၄) အိမ်ရှိပြီး မပြေလည်သောအိမ်ထောင်စုအများစုရှိပြီး စိုက်ပျိုး ရေးကိုအဓိကထားလုပ်ကိုင်ဆောင်ရွက်သော ကျေးရွာဖြစ်ပါသည်။ ကျေးရွာအနောက်ဘက်တွင် စာသင် ကျောင်းရှိနေပြီး ကျောင်းသားများပညာရေးအတွက် များစွာအထောက်အကူပြုသော အရင်းအမြစ်တစ်ခုဖြစ် ပါသည်။ ကျေးရွာရွယ်လမ်းမှာ လွန်ခဲ့သောနှစ်တွင်ပြင်ဆင်ထားသော်လည်း ပြင်ဆင်အဆင့်မြှင့်တင်ရန်လို အပ်နေပါသည်။ မကျီးပင်၊ ပျော်ရွာစသည့်ကျေးရွာများသို့ လွယ်ကူစွာ သွားလာနိုင်ပြီး ရွာအနေအထားမှာ ဂုန်ကုန်-မန္တလေးကားလမ်းမဘေးတွင်ရှိနေသည့်အတွက် တပ်ကုန်း၊ နေပြည်တော်၊ရမည်းသင်းမြို့များသို့လွယ်ကူစွာသွားရောက်နိုင်သည်။ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုကြောင့် ရရှိလာနိုင် သော အကျိုးကျေးဇူးများကို ခံစားရပြီး ကျန်းမာရေးစောင့်ရှောက်မှု အတွက် အထောက်အကူပြုခြင်း၊ ဈေး ကွက်သို့ကုန်ပစ္စည်းများလွယ်ကူစွာတင်ပို့ရောင်းချနိုင်ခြင်း တို့ကြောင့်ကောင်းမွန်သော အခြေခံအဆောက် အအုံအဖြစ်ရှိနေသော်လည်း ဆက်သွယ်ရေးလမ်းကြောင်း ကိုယခုထက်ပိုအဆင့်မြှင့်ပါက အခြားသော ကျေးရွာများကိုပါ ကောင်းစွာအကျိုးခံစားရစေမည်ဖြစ်ပါသည်။

ရွာတောင်ဘက်အခြမ်းတွင် ရိုးချောင်းကလေးတစ်ခုဖြတ်သန်းစီးဆင်းနေပြီး မိုးအခါတွင်ရေကိုသို လှောင်းထားပြီးစိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုလျှက်ရှိသည်။ ကျေးရွာအပြင်တွင် စိုက်ပျိုးမြေများရှိနေပြီးစိုက်ပျိုးရေးကောင်းစွာပြုလုပ်နိုင်ကြောင်းတွေ့ရပါသည်။ထို့ကြောင့် ရွာအနေအထား အရကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းဖြင့်အသက်မွေးပြီး ဒေသထွက်ကုန်များလွယ်ကူစွာပို့ဆောင်နိုင်သော အား သာချက်ကိုတွေ့ရှိရပါသည်။

## ၆။ (ဂ) ဥစ္စာဓနပိုင်ဆိုင်မှု အဆင့်များသုံးသပ်ခြင်း




### ဥစ္စာဓနပိုင်ဆိုင်မှုအဆင့်များအား အုပ်စုအလိုက်သုံးသပ်ခြင်း


ကျေးရွာတွင်ရှိနေသော အိမ်ထောင်စုများ၏ စီးပွားရေးပြေလည်မှုနှင့် ဥစ္စာပစ္စည်းပိုင်ဆိုင်မှုများကို လေ့လာရာတွင် ပြေလည်သောအုပ်စု၊ အလယ်အလတ်အုပ်စုနှင့် မပြေလည်သောအုပ်စုများဟူ၍သုံးမျိုးခွဲပြီးလေ့လာခဲ့ပါသည်။ လေ့လာရာတွင်အုပ်စုအလိုက်ပိုင်ဆိုင်မှုနှင့် အဓိကစီးပွားရေးလုပ်ငန်းကို ခွဲခြားလေ့လာခဲ့ပါသည်။

ပြေလည်သောအုပ်စုများတွင် ပျဉ်ထောင်သွပ်မိုးအိမ်၊ ကား၊ ဂွန်ဒေါင်း၊ ဆိုင်ကယ်၊ စပါးခြွေစက်နှင့် ကျွဲ/နွားတစ်ရှဉ်းပိုင်ဆိုင်ပြီး စပါး၊ ပဲနှင့်နှမ်းကိုအဓိကစိုက်ပျိုးသောတောင်သူလုပ်ငန်းကိုလုပ်ကိုင် ကြပါသည်။ အလယ်အလတ်အုပ်စုတွင် ထရံကာသွပ်မိုးအိမ်၊ ဆိုင်ကယ်ကိုသာပိုင်ဆိုင်နိုင်ပြီး ဤအုပ်စုတွင် သုံးဘီး မောင်းခြင်း၊ နေ့စားလိုက်ခြင်း၊ နိုင်ငံခြားတွင်အလုပ်လုပ်ခြင်း၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ခြင်းနှင့်ဈေးဆိုင်ဖွင့်ခြင်းကိုလုပ်ကိုင်ကြကြောင်းကိုတွေ့ရပါသည်။မပြေလည်သောအုပ်စုတွင် ထရံကာဝါးကြမ်း ခင်းအိမ်နှင့် စက်ဘီးကိုသာပိုင်ဆိုင်မှုရှိသည်ကိုတွေ့ရပြီး နေ့စားလုပ်ငန်းနှင့် ဈေးရောင်းခြင်းအလုပ်များကို လုပ်ကိုင်ကြပါသည်။

ရေတွင်းဖြူရွာတွင် အိမ်ခြေပေါင်း (၁၆၄) အိမ်ရှိသည့်အနက်တွင်မှ ပထမအဆင့်ပြေလည်သော အုပ်စုတွင် အိမ်ခြေ (၃၀) အိမ်၊ ဒုတိယအဆင့် အလယ်အလတ်အုပ်စုတွင်အိမ်ခြေ (၆၁) နှင့် တတိယအဆင့် မပြေလည်သောအုပ်စုတွင် အိမ်ခြေ (၇၃)အိမ် အသီးသီးတွေ့ရှိရသည်။

| စဉ် | အုပ်စု | အိမ်ခြေ | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ပြေလည်သောအုပ်စု | ၃၀ | ၁၈% |
| ၂ | အလယ်အလတ်အုပ်စု | ၆၁ | ၃၇% |
| ၃ | မပြေလည်သောအုပ်စု | ၇၃ | ၄၅% |
| | **စုစုပေါင်း** | **၁၆၄** | **၁၀၀%** |

၆။ (၄) ကျား-မအခန်းကဏ္ဍ သုံးသပ်ခြင်း (cobweb)




**ကျား-မအခန်းကဏ္ဍ သုံးသပ်ခြင်း (cobweb)**

ပျော်ရွာရှိ ရွာသူ/သားများ၏ ကျား၊မ အခန်းကဏ္ဍအခြေအနေများကို ကျေးရွာအစည်းအဝေးတွင် ကျား (၃၀) ဦး၊ မ(၃၅) ဦးပါဝင်သောအဖွဲ့ဖြင့် နေ့စဉ်လုပ်ရှားမှုပုံစံများမှ အကြောင်းအရာများပေါ် တွင် လွှမ်းခြုံနိုင်မှု၊သာလွန်မှုအခြေအနေများကိုလေ့လာခဲ့ပါသည်။ကျား၊မကဏ္ဍအတွက်ကျေးရွာများတွင်တွေ့ရှိ ရ လေ့ရှိသော အချက် (၁၀)ချက်ဖြစ်သည့် လူမှုရေးတွင်ပါဝင်နိုင်မှု၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိမှု၊ မိသားစုအတွင်းဦးဆောင်နိုင်မှု၊ ဝင်ငွေရှာနိုင်မှု၊ မိသားစုအပေါ်ဂရုစိုက်နိုင်မှု၊ အရင်းအမြစ်များ ပေါ်တွင် အသုံးချနိုင်မှု/ပိုင်ဆိုင်မှု၊ လူမှုရေးလုပ်ငန်းများတွင်ဆုံးဖြတ်ချက်ချနိုင်မှု၊ မိသားစုအားလုံခြုံစေမှု၊ ပစ္စည်းပိုင် ဆိုင်မှု၊ ပညာရေးလက်လှမ်းမီမှုအကြောင်းများကိုလေ့လာခဲ့သည်။

ရေတွင်းဖြူရွာတွင်းရှိနေသော ကျေးရွာသူ/သားများအားလေ့လာရာတွင် အမျိုးသားများမှာ မိသားစု အားလုံခြုံစေမှု၊ မိသားစုအတွင်းဦးဆောင်နိုင်မှု၊ လူမှုရေးတွင်ပါဝင်မှုအစရှိသည့်ကဏ္ဍများ တွင်ပိုမိုလွှမ်းမိုး နိုင်ပြီး၊ ပညာရေးလက်လှမ်းမီမှုနှင့် မိသားစုပေါ်တွင်ဂရုစိုက်နိုင်မှုကဏ္ဍများတွင် အမျိုးသမီး များကပိုမိုလွှမ်း ခြုံနိုင်ကြောင်းတွေ့ရသည်။ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု၊ ပစ္စည်းပိုင်ဆိုင်မှု၊ လူမှုရေးလုပ်ငန်းများတွင် ဆုံးဖြတ်ချက်ချနိုင်မှု၊ အရင်းအမြစ်များပေါ်တွင် အသုံးချနိုင်မှုနှင့် ဝင်ငွေရှာနိုင်မှု ကဏ္ဍများတွင်တန်းတူဖြစ် ကြောင်းတွေ့ရပါသည်။

ထို့ကြောင့် အိမ်တွင်ဆုံးဖြတ်ချက်ချနိုင်မှုနှင့် လွှမ်းမိုးမှုအပိုင်းတွင် အမျိုးသားများမှအားသာ ချက်ရှိနေပြီး ကျေးရွာတစ်ရွာလုံးနှင့်ဆိုင်သောကိစ္စရပ်များအတွက် ကျား၊ မ အခန်းကဏ္ဍတန်းတူမှုရှိ သည်ဟုသုံးသပ်ရပါသည်။

**၆။ (၅) ရာသီခွင်ဇယား**




## ရာသီခွင်ဇယားအားသုံးသပ်ခြင်း

ကျေးရွာရာသီခွင်ဇယားအားသုံးသပ်ရာတွင် အဓိကစိုက်ပျိုးသီးနှံ၊ တိရစ္ဆာန်ရောဂါကျရောက်မှု၊ စိုက်ပျိုးရေရရှိမှု၊ ဘာသာရေးပွဲတော်များ၊ ကျန်းမာရေး၊ ဝင်ငွေရရှိမှု၊ ရွှေ့ပြောင်းလုပ်ကိုင်မှုနှင့်ရာသီဥတုအခြေအနေများကိုလေ့လာခဲ့ပါသည်။

သီးနှံစိုက်ပျိုးရာတွင် စပါးကို ဝါဆို/ဝါခေါင်လများတွင်စိုက်ပျိုးပြီး နတ်တော်၊ ပြာသိုလများတွင်ပြန်လည်ရိတ်သိမ်းပါသည်။ နေကြာကို တန်ဆောင်မုန်း၊ နတ်တော်လများတွင်စိုက်ပျိုးပြီး တပို့တွဲနှင့် တပေါင်းလများတွင်ပြန်လည် ရိတ်သိမ်းသည်။ နှမ်း၊ ပဲတီစိမ်းနှင့် ခရမ်းချဉ်များကို ကဆုန်၊ နယုန်လများတွင်စိုက်ပျိုးပြီး ဝါဆို၊ ဝါခေါင်လများတွင်ပြန်လည်ခူးဆွတ်ပါသည်။ ကျွဲ၊ နွား၊ ဝက်၊ ကြက်များနှင့်ပတ်သက်သောရောဂါကျရောက်မှုများအနေဖြင့် ကဆုန်လမှ ဝါခေါင်လထိ အမျိုးအစားအလိုက် တုပ်ကွေး၊ ခွာနာလျှာနာကဲ့သို့သောရောဂါများကိုတွေ့ရပါသည်။ စိုက်ပျိုးရေလိုအပ်ချက်ကိုလည်း ဝါခေါင်လမှ တော်သလင်းလအထိ ဆည်ရေကိုသာမှီခိုအားထားပြီး စိုက်ပျိုးကြသည်ကိုတွေ့ရသည်။

ရောဂါဖြစ်ပွားမှုအနေဖြင့် ဖျားနာမှုသာရှိပြီးထူးခြားသော ရောဂါများကျရောက်ခြင်းမတွေ့ရပါ။ ရေတွင်းဖြူရွာအနေဖြင့် ဝင်ငွေရရှိသော အခွင့်အလမ်းများတွေ့ရပြီး တပေါင်းလပတ်ဝန်းကျင်သည်တွင်သာ ဝင်ငွေနည်းသည်ကိုတွေ့ရသည်။ တပို့တွဲ၊ တပေါင်းလများတွင် အခြားဒေသသို့ ပြောင်းရွှေ့လုပ်ကိုင်ကြသည်ကိုတွေ့ရပါသည်။ ရာသီဥတုအနေဖြင့်လည်း မိုးများသောလမှ တစ်လခန့်သာရှိပြီး မိုးပုံမှန်ရွာသောလများနှင့် အများစုမှာ ပူပြင်သောလများသာဖြစ်သည်ကိုတွေ့ရှိရပါသည်။

### ၆။ (၆) အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက် (ဗင်းကားချပ်)




## အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်အားသုံးသပ်ခြင်း

ရေတွင်းဖြူရွာတွင် အဖွဲ့ငယ်ပေါင်းများစွာကိုထူးခြားစွာမြင်တွေ့ရပြီး အုပ်ချုပ်ရေးဆောင်ရွက်နေသောအဖွဲ့များတွင် ဆယ်အိမ်မှူးအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ရန် စည်ပင်သာယာရေးကော်မတီ၊ ကာလသားအဖွဲ့၊ ဂေါပကအဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းကော်မတီအဖွဲ့၊ စာသင်ကျောင်းကော်မတီ၊ မီးသတ်၊ သမအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ကာလသားအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့များရှိနေသည်ကိုတွေ့ရသည်။ ကျေးရွာအတွင်းရှိအဖွဲ့များအား ပြင်ပမှ စိုက်ဘဏ်၊ မြို့နယ်ထွေ/အုပ်၊ သမဦးစီး၊ ကျန်းမာရေး၊ ကျေးလက်၊ လျှပ်စစ်နှင့် မီးသတ်အဖွဲ့များမှဝန်းရံချိတ်ဆက်ထားပါသည်။

တည်ရှိနေမှုအရ ကျောင်းကော်မတီ၊ မီးသတ်နှင့် လျှပ်စစ်မီးကော်မတီများသည် သီးခြားရပ်တည်နေပြီး ဆယ်အိမ်မှူးအဖွဲ့အား သမ၊ ဂေါပက၊ စည်ပင်နှင့် မိခင်/ကလေးအဖွဲ့များမှချိတ်ဆက်ပြီးလုပ်ငန်းဆောင်ရွက်မှုများကိုဆောင်ရွက်နေသည်။ ကာလသားအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းအဖွဲ့ များသည် အုပ်ချုပ်ရေးကိစ္စများအတွက် ဂေါပက၊ စည်ပင်တို့နှင့်ဦးစွာပူးပေါင်းပြီး တစ်ဆင့်ချိတ်ဆက်နေ ကြောင်းတွေ့ရပါသည်။ မြို့နယ်ထွေအုပ်၊ သမနှင့် စိုက်ဘဏ်အဖွဲ့များသည် ရပ်ရွာအုပ်ချုပ်ရေးကိုလည်း ကောင်း၊ ကျန်းမာရေးသည် မိခင်နှင့်ကလေးကိုလည်းကောင်း၊ လျှပ်စစ်ဌာနသည် မီးလင်းရေးကော်မတီကို လည်းကောင်း၊ ကျေးလက်ဦးစီးသည် လူထုဗဟိုပြုစီမံကိန်း ကော်မတီကို လည်းကောင်း၊ မြို့နယ်မီးသတ် သည် ကျေးရွာအရံမီးသတ်တပ်ဖွဲ့သို့လည်းကောင်း အသီးသီးချိတ်ဆက်ပံ့ပိုးလျှက်ရှိပါသည်။

ထို့ကြောင့် ရေတွင်းဖြူရွာတွင် လူမှုရေး၊ အုပ်ချုပ်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများအစရှိသော လုပ်ငန်းဆောင်ရွက်မှုများအတွက် လိုအပ်သောအဖွဲ့အစည်းဖွဲ့စည်းမှုများအားလုံးရှိနေပြီး ပူးပေါင်းဆောင်ရွက်မှုနှင့် အဖွဲ့အစည်းဖွံ့ဖြိုးရေးဆိုင်ရာနည်းပညာများရှိလာပါက လွန်စွာအားကောင်းသောလူအဖွဲ့အစည်းဖြစ်လာနိုင်ကြောင်းတွေ့ရှိရသည်။

### ၆။ (၇) အခက်အခဲများ (ပြဿနာများ)




ကျေးရွာဖွံ့ဖြိုးရေးအတွက် အခက်အခဲ အတား အဆီးများ

ကျေးရွာ- ရေတွင်းဖြူ
အုပ်စု- ချီးပင
မြို့နယ်- တပ်ကုန်း
ရက်စွဲ - ၂၇-၁-၂၀၁၆

| စဉ် | အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲ | စဉ် | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲ |
|---|---|---|---|
| ၁ | သွားလာရန် ခက်ခဲခြင်း | ၁ | သွားလာရန် ခက်ခဲခြင်း |
| ၂ | မိုးတွင်း၌ သွားလာရန် အဆင်မပြေခြင်း | ၂ | မိုးတွင်း၌ သွားလာရန် အဆင်မပြေခြင်း |
| ၃ | ရွာတွင်း အချို့နေရာတွင် သွားလာရန်ခက်ခဲခြင်း | ၃ | ရွာတွင်း အချို့နေရာတွင် သွားလာရန်ခက်ခဲခြင်း |
| ၄ | ပြွန်မရှိ၍ ရေလျှံခြင်း | ၄ | ပြွန်မရှိ၍ ရေလျှံခြင်း |
| ၅ | ဇရပ်မရှိ၍ ခက်ခဲခြင်း | ၅ | ဇရပ်မရှိ၍ ခက်ခဲခြင်း |

ပါဝင်ဆွေးနွေးသူ - ကျား-၅၁၊ မ-၂၇
စုစုပေါင်း ၇၈ ဦး
ဦးဆောင်သူ- ဦးဝေယံဦး
မှတ်တမ်းတင်သူ- ဦးမြတ်စိုးဇော်

## ၆။ (၈) ပြဿနာသစ်ပင်နှင့်သုံးသပ်ချက်




## ပြဿနာသစ်ပင်သုံးသပ်ခြင်း


ကျေးရွာအခက်အခဲများနှင့်ပြဿနာများဆွေးနွေးဖော်ထုတ်ရာတွင် ကျားနှင့်မ ဖော်ထုတ်လာသော အခက်အခဲများမှာ တူညီမှုများရှိနေသည့်အတွက် ပြဿနာသစ်ပင်အား ကျား၊မ မခွဲခြားဘဲရေး ဆွဲခဲ့ရပါသည်။ ကျေးရွာမှတင်ပြလာသောအဓိကကြုံတွေ့နေရသည့်အခက်အခဲမှာ ကျေးရွာသူ/သားများမှ မျှော်မှန်းထားသည့်ဆက်သွယ်ရေးလမ်းကြောင်း ဖြစ်လာရန်လိုအပ်ချက်ရှိနေသေးသည်ဟူ၍ဖြစ်သည်။

အဓိကအကြောင်းအရင်းမှာ ကျေးရွာတွင်းလမ်းများကိုလွန်ခဲ့သောနှစ်တွင် စီမံကိန်းမှပြင်ဆင်ခဲ့ သည်ဆိုသော်လည်း သန့်ရှင်းမှုပိုင်းအားနည်းခြင်း၊ လမ်းပိုင်းအချို့ညီညာမှုမရှိခြင်းကြောင့် မိုးရာသီကာလ များတွင်သွားလာရန်ခက်ခဲမှုရှိနေပါသည်။ ထို့ပြင် ကျေးရွာသူ/သားများမှ ပူးပေါင်းထိန်းသိမ်းမှုပိုင်းတွင် လိုအပ်ချက်ရှိနေခြင်း၊ ကူညီနိုင်သောဌာနများနှင့်ချိတ်ဆက်ရာတွင်အားနည်းခြင်းနှင့် ထိန်းသိမ်းမှုများပြု လုပ်ရန်ရန်ပုံငွေများလုံလောက်စွာမရှိခြင်း စသည့်အခက်အခဲများကြောင့် ဆက်သွယ်ရေးခက်ခဲမှုရှိနေခြင်း အကြောင်းအရာကိုသာ ဆက်လက်ပြီးအတည်ပြုခဲ့ကြပါသည်။

အကြောင်းမှာ ကုန်ပစ္စည်းသယ်ယူစရိတ်များကျဆင်းခြင်းမရှိခြင်း၊ ဈေးကွက်သတင်းရရှိရန်ခက်ခဲမှု ရှိနေခြင်း၊ မိုးရာသီတွင်လွယ်ကူစွာသွားလာရန်ခက်ခဲခြင်းများဖြစ်ပေါ်နေပါသည်။ ထို့ပြင် အရေးပေါ်ကျန်း

မာရေးကိစ္စများအတွက်သွားလာရန်လည်းခက်ခဲလျှက်ရှိသေးကြောင်းတွေ့ရှိရပါသည်။ အခြား မကျီးပင် ညောင်ပင်သာ ရွာများမှ ဖြတ်သန်းသွားရာတွင်းလည်း အဆင်ပြေမှုများရှိရန် ကျေးရွာတွင်းနှင့် လမ်းမကြီး သို့ဆက် သောလမ်းပိုင်းများကိုပြုပြင်လိုခြင်းဖြစ်ပါသည်။ အကယ်၍ဤလမ်းအားကောင်းအောင် ပြုပြင် နိုင်ပါကရေတွင်းဖြူရွာအပြင် မကျီးပင်၊ ညောင်ပင်သာ၊ ရှားတုန်းအိုင်ရွာများ၊ ညောင်ကိုင်းအုပ်စုမှရွာများ၊ ကျောက်စရစ်ကုန်းအုပ်စုများမှကျေးရွာများအားလုံးကောင်းမွန်စွာဖြတ်သန်းသွားလာနိုင်မည့်အကျိုးကျေးဇူး ကြောင့် ရေတွင်းဖြူရွာလယ်လမ်းအား အဆင့်မြှင့်တင်ရန်လိုအပ်ကြောင်းသုံးသပ်မိပါသည်။

## ၆။ (၁၀) နောင် ၅ နှစ်စာမျှော်မှန်းချက်




ကျေးရွာမျှော်မှန်းချက်

ကျေးရွာ - ရေတွင်းဖြူ၊
အုပ်စု - မကျီးပင်
မြို့နယ် - တပ်ကုန်း
ရက်စွဲ - ၂၇-၁-၂၀၁၆

| စဉ် | အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက် | စဉ် | အမျိုးသမီးအဖွဲ့မှ တင်ပြသော မျှော်မှန်းချက် |
|---|---|---|---|
| ၁ | ဂိတ်လမ်း ရရန် | ၁ | ဂိတ်လမ်း ရရန် |
| ၂ | သုံးရွာပေါင်း တံတား ရရန် | ၂ | သုံးရွာပေါင်း တံတား ရရန် |
| ၃ | တံတား ရရန် | ၃ | တံတား တည်ဆောက်ရန် |
| ၄ | မြောင်းတပ်ဆင်ရန်နှင့် ထပ်ပိုးလှော်ခင်းရန် | ၄ | မြောင်းတပ်ဆင်ရန်နှင့် ထပ်ပိုးလှော်ခင်းရန် |
| ၅ | သုသာန် ဇရပ် | ၅ | သုသာန် ဇရပ် |

ပါဝင်ဆွေးနွေးသူ - ကျား - ၅၁၊ မ - ၂၇
စုစုပေါင်း - ၇၈ ဦး
ဦးဆောင်သူ - ဦးဝေယံဦး
မှတ်တမ်းတင်သူ - ဒေါ်ခင်နိုးကြည်

## ၆။ (၁၁) ဦးစားပေးအစီအစဉ်ပြဇယား (Matrix Ranking)



### ဦးစားပေးအစီအစဉ်ပြဇယားအားသုံးသပ်ခြင်း

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အမျိုးသားများနှင့်အမျိုးသမီးများမှ ကျေးရွာအခက်အခဲများကို တူညီစွာတင်ပြလာရာ တင်ပြလာသည့်လုပ်ငန်းများအား အားလုံးသဘောထားဖြင့် အမှတ်ပေးပြီး အကဲဖြတ်ခဲ့ပါသည်။ စုစုပေါင်းတင်ပြလာသော ကျေးရွာအခက်အခဲ (၅) ချက်ရှိပြီး (၁) ရိစာလမ်း၊ (၂) တံတား၊ (၃) ရွာတွင်းတံတား၊ (၄) မြွန်ထပ်ပိုးလွှာခင်းရန်၊ (၅) သုသာန်ဇရပ်များဖြစ်ကြပါသည်။ ၄င်းတင်ပြထားသောအခက်အခဲများကို ဦးစားပေးအဆင့်သတ်မှတ်ချက်ဇယားဖြင့်ရွေးချယ်ခဲ့ရာတွင် အောက်ပါအတိုင်းအဖြေများထွက်လာပါသည်။


ရိစာလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းသည် ရမှတ် ၄ မှတ်ဖြင့် အဆင့် (၁)၊ တံတားလုပ်ငန်းသည် ရမှတ် ၃ မှတ်ဖြင့်အဆင့် (၂)၊ ရွာတွင်းတံတားလုပ်ပြုပြင်ခြင်းသည် ရမှတ်(၂) မှတ်ဖြင့် အဆင့် (၃)၊ ကွန်က ရစ်ထပ်ပိုးလွှာခင်းခြင်းသည် ရမှတ် ၁ မှတ်ဖြင့်အဆင့် (၄)နှင့် သုသာန်ဇရပ်လုပ်ငန်းသည် အဆင့်(၅) အသီးသီးရရှိခဲ့သည့်အတွက် လုပ်ငန်းရွေးချယ်မှုအရ ရိစာလမ်းလုပ်ငန်းကိုသာ ကျေးရွာမှ ရွေးချယ်သည် ကိုတွေ့ရပါသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ













## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ရာထူး (ကျေးရွာအဆင့်) | ရာထူး (အုပ်စုအဆင့်) |
|---|---|---|---|
| ၁ | ဦးပြုံးချို | စီ/ထောက် ဥက္ကဌ | အုပ်စုစီ/ထောက် ဥက္ကဌ |
| ၂ | ဒေါ်စောယုမေ | စီ/ထောက် ဥက္ကဌ | အုပ်စုအဖွဲ့ဝင် |
| ၃ | ဦးကြည်မောင် | စောင့်ကြည့် - ဥက္ကဌ | |
| ၄ | ဦးစိုးမြင့် | စောင့်ကြည့် - အဖွဲ့ဝင် | |
| ၅ | ဒေါ်နွယ်နွယ် | စောင့်ကြည့် - အဖွဲ့ဝင် | |
| ၆ | ဦးမြတ်စိုးထွေး | ဝယ်ယူရေး-ဥက္ကဌ | |
| ၇ | ဒေါ်မိုးကြည် | ဝယ်ယူရေ-အဖွဲ့ဝင် | |
| ၈ | ဒေါ်ခင်သိန်းမြင့် | ဝယ်ယူရေး-အဖွဲ့ဝင် | |
| ၉ | ဦးညွှန့်ဝင်း | လည်ပတ်-ဥက္ကဌ | |
| ၁၀ | ဒေါ်ခင်မာကြည် | လည်ပတ်-အဖွဲ့ဝင် | |
| ၁၁ | ဒေါ်လှအေး | လည်ပတ်-အဖွဲ့ဝင် | |
| ၁၂ | ဦးမြင့်လှိုင် | စေတနာ့ဝန်ထမ်း | |
| ၁၃ | ဒေါ်ဇာနည်ဦး | စေတနာ့ဝန်ထမ်း | |
| ၁၄ | ဦးကျော်အေး | အကြံပြုတိုင်ကြားရေး | |
| ၁၅ | ဒေါ်မိုးထွေး | အကြံပြုတိုင်ကြားရေး | |
| ၁၆ | ဦးလှဝင်း | ဘဏ္ဍာရေးစာရေး | ဘဏ္ဍာရေးဆပ်ကော်မတီ အဖွဲ့ဝင်။ |

နောက်ဆက်တွဲ(၄)ခြားနားသောအပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနှစ်ချုပ်မှုရင်းအား VPSCတွင်ထားရှိရပါမည်။အခြားဌာနဆိုင်ရာများနှင့်ညှိနှိုင်းရန်အတွက်မိတ္တူအား TPIC သို့ပို့ရပါမည်။ MIS data အနေဖြင့်သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူ့ဦးစားပေးလဲ | လ/နှစ် | ကျေးရွာမှတာဝန်ခံသူ သို့မဟုတ်အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | ရိုစာလမ်းအဆင့်မြှင့်ခြင်း | မ (√)<br>ကျား( √ ) | ၂၀၁၇ | စီ/ထောက်ကော်မတီ | World Bank |
| | ၂ | တံတားဆောက်လုပ်ခြင်း | မ (√ )<br>ကျား(√ ) | ၂၀၁၈ | စီ/ထောက်ကော်မတီ | World Bank |
| | ၃ | ရွာတွင်းတံတားပြုပြင်ခြင်း | မ ( √ )<br>ကျား ( √ ) | ၂၀၁၉ | စီ/ထောက်ကော်မတီ | World Bank |
| | ၄ | ကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်း | မ (√ )<br>ကျား(√ ) | ၂၀၂၀ | ကျေးရွာသူ/သားများ | ကိုယ်ထူကိုယ်ထ |
| | ၅ | သုသာန်ဇရပ် | မ (√ )<br>ကျား ( √ ) | ၂၀၂၁ | ကျေးရွာသူ/သားများ | ကိုယ်ထူကိုယ်ထ |
| | | | | | | |
| အသက်မွေးဝမ်း ကြောင်း/ဖွံ့ဖြိုးရေး | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့်ပညာရေး | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ၈ ၆ | ၁ | | မ ( √ ) | ၂၀၁၇ | | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | ကျား(√ ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ဧပြီ | ၁ | | မ (√ )<br>ကျား(√ ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |

၁၆။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု(Checklist For VDP)

အရည်အသွေးထိန်းချုပ်သူအမည် -

(၁) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်စာရွက်စာတမ်းပြည့်စုံမှုကိုစစ်ဆေးပါ (OM အရ)

- ○ မျက်နှာဖုံး (အဖုံး)
- ○ မာတိကာ
- ○ ကျေးရွာအခြေခံအချက်အလက်များ
- ○ လူမှုဆန်းစစ်ခြင်းအကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ○ အမျိုးသား/အမျိုးသမီးအဖွဲ့များ၏အခက်အခဲများ
- ○ ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- ○ အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့်နောင်လေးနှစ်အတွက်ဦးစားပေးလုပ်ငန်းများ စာရင်း (အခြေခံအဆောက်အဦ၊အသက်မွေးမှု၊ပညာရေး၊လူမှုရေးထိန်းသိမ်းမှုစသည်ဖြင့်)

နောက်ဆက်တွဲများ

- ○ လူမှုရေးအကဲဖြတ်မှုစာရွက်စာတမ်းဓါတ်ပုံနှင့်PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)
- ○ မြေပုံများပါရမည်၊စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊Venn ပုံ
- ○ ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမှတ်တမ်းမိတ္တူ
- ○ ကျေးရွာ၏အချက်အလက် (PC-1)
- ○ ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (VDP) ကိုစစ်ဆေးပါ။

- ○ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်ပါဝင်သောလူဦးရေ(အမျိုးသား/အမျိုးသမီး)
- ○ လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အတွက်အသုံးပြုသည့်ရက်ပေါင်း
- ○ PRA ပစ္စည်းမျိုးအသုံးပြုသည့်အရေအတွက်
- ○ ပါဝင်သောဦးရေနှင့်လုပ်ငန်းများမှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊အဖွဲ့ဓါတ်ပုံ၊တိုင်းရင်းသားလူနည်းစုနှင့်ထိခိုက်လွယ်သောအဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့
- ○ လုပ်ငန်းများမှတ်တမ်းတင်ခြင်းနှင့်အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ်အားခွဲခြားပေးထား သလား
    - ရှိ/မရှိ

- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)
- PRA နှင့်သက်ဆိုင်သောအခြားစီမံကိန်းအရေအတွက်(အမျိုးသား/အမျိုးသမီးရွေးချယ်မှု အရေအတွက်)